မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၇)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၊ ၂၀-၉-၂၀၂၅၊ စနေနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား မြိတ်မြို့ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်နှင့် အသား၊ ငါး ဖူလုံမှုဆိုင်ရာများ၊ ငါး၊ ပုစွန် မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ

စာမျက်နှာ ၃ သို့

## ယနေ့ ဖတ်စရာအညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ စာမျက်နှာ ၂

ရှင်မတောင်ဒေသထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရ စာမျက်နှာ ၁၀

နည်းပြ မော်ရင်ဟိုအား နည်းပြသစ်အဖြစ် ဘင်ဖီကာအသင်း ခန့်အပ် စာမျက်နှာ ၁၁

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ စနေနေ့။

# စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာများ အားကောင်းလာစေရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် နန်နင်းမြို့ Wanda Vista ဟိုတယ်၌ ပထမဆုံးအကြိမ် ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သော စက်မှုပူးပေါင်းဆောင်ရွက်မှု စနစ်တစ်ရပ် ထူထောင်ခြင်းအားဖြင့် စက်မှုကဏ္ဍနယ်ပယ်အတွင်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သည့် ယှဉ်ပြိုင်နိုင်စွမ်းများရှိလာပြီး ရေရှည်တည်တံ့သည့် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုကဏ္ဍရှိနည်းပညာဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ပူးတွဲလေ့ကျင့်မှု၊ နည်းပညာသင်တန်းများနှင့် သက်မွေးပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့ခေတ်၏ စက်မှုဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)နှင့် လူငယ်များ ပါဝင်ရေးမြှင့်တင်ပြီး ချမှတ်ထားသောမူဝါဒများနှင့် လုပ်ငန်းစဉ်များဖြင့် ဂေဟစနစ်တည်ဆောက်သွားနိုင်ပါက တရုတ်-အာဆီယံဒေသအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် တရုတ်-အာဆီယံဒေသကို ပိုမိုအားကောင်းအောင်တည်ဆောက်ကြရန် တိုက်တွန်းပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများက တရုတ်-အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နန်နင်းဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြစ်သည့် စက်မှုမူဝါဒညှိနှိုင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက် ညှိနှိုင်းမှု အားကောင်းစေရန်၊ ဒေသတွင်းဆန်းသစ်တီထွင်မှု ဂေဟစနစ်ကို တည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်၊ အစိမ်းရောင်နှင့် ဉာဏ်ရည်တုနည်းပညာဖြင့် စက်မှုအသွင်ပြောင်းခြင်း နယ်ပယ်များတွင် စံချိန်စံနှုန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဂြိုဟ်တုလမ်းကြောင်းပြခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးခြင်း အပါအဝင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် စွမ်းအင်သစ်ကဏ္ဍတို့ပါဝင်သည့် ထွန်းသစ်စ စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို စူးစမ်းလေ့လာရန်၊ တရုတ်နိုင်ငံနှင့် အာဆီယံရှိ စွမ်းအင်သစ်ယာဉ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြေလျှော့ပေးရေးကို ဆက်လက်မြှင့်တင်ရန်တို့ကိုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် AI ဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် AI ဆိုင်ရာ အသုံးပြုနိုင်သည့် အက်ပလီကေးရှင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုရှာဖွေရန်၊ လျှပ်စစ်စက်ဘီးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေရန်၊ အထည်အလိပ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ဆေးဝါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏ ပူးတွဲလေ့ကျင့်မှုကို အားကောင်းစေရန်၊ MSMEsများကိုစက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်သို့ ပေါင်းစည်းရေးကို သင့်တင့်မျှတသောပုံစံဖြင့် မြှင့်တင်ရန် စသည့်အချက်များကို သဘောတူညီခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန် ရည်မှန်းထား

**မန္တလေး စက်တင်ဘာ ၁၉**

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို မြန်မာ့ပဲမျိုးစုံတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက သိရသည်။

အဆိုပါကာလအတွင်း ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့ဖို့ လျာထားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယဈေးကွက်သို့ အဓိက တင်ပို့လျက်ရှိပြီး အများစုက မတ်ပဲနှင့် ပဲတီစိမ်းတွေ ဖြစ်ကြောင်း၊ ဈေးကွက်အသစ်ရှာဖွေတင်ပို့ခြင်းထက် ရှိပြီးသားဈေးကွက်ကို ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အများဆုံးတင်ပို့နေရတာဖြစ်ပြီး တရုတ် နှင့် ဥရောပဈေးကွက်များကို လည်း တင်ပို့လျက်ရှိသည်။

ပြည်ပနိုင်ငံတွေကို ပဲမျိုးစုံတင်ပို့ရာမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ စသည့်ပဲအမျိုးအစားပေါင်း ၂၀ ခန့် တင်ပို့လျက်ရှိသည်။

ယခင် ဘဏ္ဍာနှစ်မှာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံ တန်ဖိုးရှိသည့် ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ ၊တနင်္ဂနွေ ရုံးဖွင့်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀

## မွေးနေ့အထိမ်းအမှတ်စာအုပ်နှင့် အလှူငွေ လှူဒါန်း

**ပုသိမ်ကြီး စက်တင်ဘာ ၁၉**

စာရေးဆရာ မြတ်လင်းသူ၏ (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် စာအုပ်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့ မြို့မစာကြည့်တိုက်၌ ကျင်းပရာ မြို့မစာကြည့်တိုက်နာယက စာရေးဆရာ မာဃိန္ဒ (ပုသိမ်ကြီး)၊ ဥက္ကဋ္ဌ ဦးလှရွှေ၊ စာကြည့်တိုက်မှူး ဦးညွန့်လှိုင် (ဖိုးလှိုင်လေး)နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ စာကြည့်တိုက်နာယက စာရေးဆရာ မာဃိန္ဒ (ပုသိမ်ကြီး)က အဖွင့်အမှာစကား ပြောကြားပြီး စာကြည့်တိုက်မှူး ဦးညွန့်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ စာရေးဆရာ မြတ်လင်းသူက စာအုပ်လှူဒါန်းရခြင်း ပြောကြားပြီး မျိုးဆက်သစ် လူငယ်များ စာဖတ်ခြင်းဖြင့် လူတော်လူကောင်းလေးများ ဖြစ်လာစေရေး ပြောကြားသည်။ ထို့နောက် စာရေးဆရာ မြတ်လင်းသူ၏ တစ်သက်တာ ဝယ်ယူစုဆောင်းထားသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဗဟုသုတ စာမျိုးစုံ (၇၅)အုပ်နှင့် ကိုယ်တိုင်ရေး စာအုပ်လုံးချင်း (၄)အုပ်နှင့်အတူ အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၉၁)

၀-၀-၀-၀-၀

၀-၀-၀




**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❒ ရှေ့ဖုံးမှ

အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ **ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်နိုင်ရေး** ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြိတ်မြို့ **ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်း**အား BOO စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များအား ကုန်ချောထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မြိတ်မြို့မှ ရေငန်ငါးများ တင်ပို့ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ပုစွန်သားပေါက်များရရှိရေး၊ ပုစွန်အစာရရှိရေးတို့အား လွယ်ကူလျင်မြန်စွာတင်သွင်းခွင့်ရရှိနိုင်ရေး နိုင်ငံတော်မှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပသွင်းကုန်အစားထိုး တန်ဖိုးမြှင့်ကုန်ချော Tubeless တာယာစက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလိုအပ်ချက်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လေးကျွန်းဆီမီးစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

- ☆ မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်
- ☆ စိုက်ပျိုးရေးအတွက် ခွင့်ပြုပေးထားသည့်မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေးဆောင်ရွက်သွားရန်လို
- ☆ မြိတ်ဒေသတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုစဉ်။

## တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

ၾငင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခွင့်ပြုပေးလျက်ရှိမှုနှင့် အချိန်ကြန့်ကြာမှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ ငါးဖမ်းလှေများအနေဖြင့် ချမှတ်ထားသည့် ဥပဒေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုအပ်မှု၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လုပ်ငန်းများ၌ လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ မြိတ်လေယာဉ်ကွင်းအား အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် လျှပ်စစ်မီးနှင့် ရေရရှိရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် တင်ပြချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များတွင် ပါဝင်သည့် မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေနေရာနှင့်ပတ်သက်၍လည်း မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ ✪





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြိတ်မြို့ မြို့မအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၃ မှ

မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ စိုက်ပျိုးရေးအတွက်ခွင့်ပြုပေးထားသည့် မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြိတ်ဒေသတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် အအေးခန်း ကွန်တိန်နာများဖြင့် သယ်ယူဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက်တင်သွင်းခွင့်ရရှိရေး၊ ပုစွန်အစာ တင်သွင်းခွင့်ရရှိရေးတို့နှင့်ပတ်သက်၍ အဆင်ပြေအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုစွန်မွေးမြူရေးအတွက်လိုအပ်သည့် ပုစွန်အစာနှင့်ပတ်သက်၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်ကန်များပြုလုပ်၍ မွေးမြူသကဲ့သို့ သဘာဝဘေးအန္တရာယ်ကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရန်အတွက် လေကာပင်များ စိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်ကန်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း။

**နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး**

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်ကို စီးပွားရေးအရမြှင့်တင်နိုင်ရေး၊ လူမှုရေးအရမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ **လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ** ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအရ မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် လွှတ်တော်များ ကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည်အရေးကြီးပြီး ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ချိန်တွင် တပ်မတော်နှင့် မိမိကိုယ်တိုင်အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ ထို့ပြင်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ပညာရည် မြင့်မားရေး**

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေး မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲ ဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်အနာဂတ် ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ **လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး အလုပ်အကိုင်ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး အမှန်တကယ်လည်း အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်ရင်းနှီးငွေ တိုးပွားလာမည်ဖြစ်ကာ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထုတ်ကုန်တိုးမြှင့်၊ အလုပ်အရှိန်မြှင့်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုမှရငွေများ တိုးမြှင့်ရရှိလာရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားသာချက်ရှိသည့်၊ အလားအလာကောင်းသည့် **ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်လုပ်ကိုင်ကြရန်လို**ကြောင်း၊ **မိမိတို့နိုင်ငံ၌ ထုတ်ကုန်များထုတ်လုပ်နိုင်ရန် ရေခံ၊ မြေခံနှင့် သဘာဝကပေးသော အခွင့်အလမ်းကောင်းများ ရှိသော်လည်း အလုပ်လုပ်ကြရန်လိုအပ်လျက်ရှိ**ကြောင်း၊ လုံလောက်သောအရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အားရွေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရာကဏ္ဍ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်**

မွေးမြူရေးနှင့်ပတ်သက်၍ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိခြင်းတို့ကြောင့် အသား၊ ငါးနှင့် အခြေခံ

စာမျက်နှာ ၅ သို့ ✪

- ❖ လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်းသာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြ
- ❖ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်
- ❖ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ
- ❖ ထိုသို့ ဆောင်ရွက်ရာတွင် သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## မိမိကိုယ်ကို ကောင်းအောင်ဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကို ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်သို့ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများ၊ အရာရှိ၊ စစ်သည်များ မိသားစုများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် နိုင်ငံပိုင်ရေပြင်များ လုံခြုံရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။ စာမျက်နှာ ၆ သို့ ☆

---

✪ စာမျက်နှာ ၄ မှ

စားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဒေသမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကိုအခြေခံ၍ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ရော်ဘာကုန်ချောထုတ်ကုန်များကို ထုတ်လုပ်၍ရနိုင်ကြောင်း၊ အလားတူ ဒေသတွင်း အများအပြား ဖြစ်ထွန်းအောင်မြင်သည့် အုန်းနှင့်ပတ်သက်၍လည်း အဆင့်မြင့်ဈေးကွက်ဝင် ကုန်ချောများ ထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိ အသုံးချစေလိုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မြိတ်မြို့သည် ပညာရေးကို အားပေးသည့်မြို့ဖြစ်သည်ကို တွေ့ရှိရသော်လည်း တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏အနာဂတ်သားသမီးများကို ကောင်းမွန်သည့် ပညာအမွေပေးခဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အတန်းပညာ ကောင်းမွန်မှသာလျှင် အတတ်ပညာများ သင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ **ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများ ပေါ်ထွက်လာရေး

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း၊** မြိတ်ဒေသတိုးတက်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြိတ်ဒေသတွင် နေထိုင်သူများကလည်း မိမိတို့ဒေသအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် မြိတ်ခရိုင်အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်မြိတ်မြို့ မြို့မအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးကြပြီး အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့် အခြေအနေများကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိတ်လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြိတ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်သွားရန်၊ လေဆိပ်အဆောက်အအုံများအား စနစ်တကျဖြင့် ပြန်လည်တွက်ချက်၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လေးကျွန်းဆီမီးစေတီတော်ကြီး

အလားတူ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လေးကျွန်းဆီမီးစေတီတော်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နှစ်ပေါင်း ၂၄၀ သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် သမုတ်သိမ်တော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင်သမုတ်သိမ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့အတွင်းနှင့် မြိတ်ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မြိတ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသူများအား ကြည့်ရှုအားပေးစဉ်။

✰ စာမျက်နှာ ၅ မှ

စွမ်းရည်စွမ်းအားပြည့်ဝသည့် တပ်များနှင့် ကျန်းမာကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိရှိသည့် တပ်မတော်သားများဖြစ်စေရေး

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိကြောင်း၊ ထိုသို့ကာကွယ်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်၊ နိုင်ငံတော် သယံဇာတပစ္စည်းများကိုကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

**တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် အမြဲ ကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ အလားတူ နေ့စဉ် ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။**

တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ လုပ်ရဲကိုင်ရဲသည့်သတ္တိများ ရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ်ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ ဘဝကိုလိုချင်သောကြောင့် ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့ ကိုင်ဆောင်သည့်လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သား ပြည့်ဝနေစေရေး လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းများတွင် မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြု ဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သား ပြည့်ဝလာမည် ဖြစ်ကြောင်း။

**★ တပ်မတော်သားများ၏ တစ်ဦးချင်း အရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိ**

**★ တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် အမြဲ ကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့ နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လို**

**★ အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့် ဆောင်ရွက်နေရန်လို**

တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီး ၄ ရပ်

တပ်တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ်(၄)ရပ်ချမှတ်ဆောင်ရွက်နေကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများအား မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဖြင့် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများတွင် အုပ်ချုပ်ရေးပိုင်းသည်ပါဝင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်း ကောင်းမွန်မှသာ တပ်များ၏စွမ်းရည်နှင့် စွမ်းအားများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရ သူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း၊ အသောက်အစား အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

အုပ်ချုပ်မှုကောင်းအောင်၊ သက်သာချောင်ချိမှုများရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်သားတစ်ဦးချင်းစီ၏ စိတ်ဓာတ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အဆိုပါ တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီး ၄ ရပ်ကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။

ပညာရေးအားပေးရန်နှင့် တပ်မတော်သားကောင်းများဖြစ်စေရန်

တပ်မတော်သား မိသားစုဝင်များ၏ ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့ ၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ အနည်းဆုံးအဆင့် အခြေခံပညာအလယ်တန်းအောင်မြင်အောင် သင်ကြား၍ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ၌ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း**၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေး ဆောင်းပါးများကိုလည်း ဖတ်ရှုလေ့လာပြီး အချင်းချင်း ပြန်လည်မျှဝေ ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏ အဖွဲ့အစည်းကိုထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်း အသိတရားဖြင့် အသုံးပြုကြရန်လိုကြောင်း၊ တာဝန်ရှိသူများကလည်း စစ်ဆေးကြပ်မတ်ပေးနေရန် လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေး စွမ်းပကားများ တိုးတက်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကောင်းအောင် ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင်** အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာ ရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံ တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၉ ရက်

သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်　စက်တင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E.Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကောင်းအဖြစ် အစဉ်အမြဲရပ်တည်ပေးနေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ဆောင်ရွက်မည့်အခြေအနေ၊ မဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်မှုအခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုသွားမည့်အခြေအနေနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲအဖြစ် ဖော်ဆောင်နိုင်ရေး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ပြုသွားမည့်အခြေအနေ၊ သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများအပါအဝင် နည်းပညာဆိုင်ရာသင်တန်းများကို အိန္ဒိယနိုင်ငံ၏ကူညီမှုဖြင့် ရွေးကောက်ပွဲလွန်ကာလတွင် ဆောင်ရွက်သွားလိုသည့် အခြေအနေနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြိတ်မြို့ရှိ POLYTECHNIC UNIVERSITY (MYEIK)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော်　စက်တင်ဘာ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တနင်္သာရီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ POLYTECHNIC UNIVERSITY (MYEIK) ကို ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ POLYTECHNIC UNIVERSITY (MYEIK) မှ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ အားကစားခန်းမများ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်) နှင့် POLYTECHNIC UNIVERSITY (MYEIK) Faculty of Computing တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

✧ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ခဲ့သည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် သက်တမ်းအရှည်ကြာဆုံး နိုင်ငံတကာ စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အရေးပါသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပါရှိသည်ကိုလည်း တွေ့ရှိရသောကြောင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ခရီးသွားလာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များသာမက နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ သဘာဝဘေးဒဏ်ထိခိုက်ခံစားခဲ့ရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခဲ့ခြင်းများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီအစဉ်မှ ဖွင့်လှစ်သင်ကြားပေးခဲ့သော သင်တန်းများတွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် အထောက်အကူပြု တာဝန်ထမ်းဆောင်လျက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ အထိမ်းအမှတ်အခမ်းအနား၏ အောင်မြင်မှုကိုဂုဏ်ပြုရင်း နောင်လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများ ပိုမိုရရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် သင်တန်းသားဟောင်းများက အတွေ့အကြုံများအား ရှင်းလင်းမျှဝေပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားသို့တက်ရောက်လာကြသူများသည် အိန္ဒိယယဉ်ကျေးမှု အကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြကာ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၉

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ် Grand Ball Roomခန်းမ၌ ကျင်းပသည်။

ဦးစီးကော်မတီ၏ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ခုတည်းသော စာချုပ်ဖြစ်ကြောင်း၊ NCA သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ကိုနိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားနိုင်ရေးတို့အတွက် လွှတ်တော်ပြင်ပတွင် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုဟုလည်းဆိုနိုင်ကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသော လုပ်ငန်းကော်မတီများအနေဖြင့် အချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ NCA အခမ်းအနားတက်ရောက်မည့်သူများအား ဖိတ်ကြားမှုကို အချိန်မီဖိတ်ကြားပေးစေလိုကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် ဝန်ကြီးဌာနများကလည်း ပြခန်းများ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခမ်းအနားအတွက် လုပ်ငန်းကော်မတီအလိုက် သုံးစွဲကုန်ကျမည့်ငွေများနှင့်ပတ်သက်၍ ဘဏ္ဍာရေးညွှန်ကြားလွှာပါ စည်းမျဉ်းများအတိုင်း စနစ်တကျဖြင့် စိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စများကို အသေးစိတ်ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကိစ္စရပ်များ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်၊ အဓိက သက်ဆိုင်ရာအဖွဲ့အစည်း Stakeholders များအကြား ပါဝင်သင့်ပါဝင်ထိုက်သူ အားလုံးပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန် ရည်ရွယ်၍လည်းကောင်း၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြည်သူလူထုသဘောပေါက် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်၍ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာ အဆင့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

NCA အခမ်းအနားသို့ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ NCA လက်မှတ်ရေးထိုးခဲ့ကြသူများ၊ NCA အသိသက်သေများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် လေ့လာသူများကို ဖိတ်ကြားမည်ဖြစ်သည်။ တက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်းအမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## ပိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး ဟောပြော

**မောက်မယ် စက်တင်ဘာ ၁၉**

ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်နှုန်းတိုးစေရန်နှင့် စိုက်ပျိုးမှုအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများအား အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒေသခံတောင်သူများအား လယ်မြေများတွင် သီးနှံအထွက်နှုန်းတိုးစေရန်နှင့် စိုက်ပျိုးမှုအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစွမ်းရည်ထူးနှင့် ဝန်ထမ်းများက ပိုးစပါး သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်များကို ပရိဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ သင်တန်းများအတွက် သင်တန်းသားရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၉

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များ၌ ၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ရွေးချယ်ရေးအတွက် သင်တန်းသားရွေးချယ်ရေးအဖွဲ့၏ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများ လျှောက်ထားမှု စာရင်း၊ လျှောက်ထားမှုစာရင်း၊ လျှောက်ထားမှုတို့နှင့် စပ်လျဉ်း၍ တက္ကသိုလ်အလိုက် အသေးစိတ် ဆွေးနွေးတင်ပြခြင်း၊ ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာစစ်အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လူတွေ့နှုတ်ဖြေ အမှတ်ပေး“မူ” သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေး ကျေးလက်နေပြည်သူများထံ သတင်းမှန်များဖြန့်ဝေ၍ အတွေးမှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဆောင်ရွက်ပေးစေလို

ရန်ကုန် စက်တင်ဘာ ၁၉

ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကား ပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မကြာသေးမီက နိုင်ငံတော်အကြီးအကဲ သွားရောက်ခဲ့သည့် တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံကြီးအချို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများက မြန်မာနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံကြောင်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များ လွှတ်ပေးမည်ဟု ပြောကြားမှုများရှိခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မိမိတို့အားလုံး မီဒီယာနည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် ပြည်သူများ လုံခြုံစွာမဲပေးနိုင်ရန်အတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် ကျေးလက်နေပြည်သူများထံ သတင်းမှန်များဖြန့်ဝေ၍ အတွေးမှန်၊ အသိမှန်၊ အလုပ်မှန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ အထူးသဖြင့် လူငယ်များကို အသိပညာဖြန့်ဝေ၍ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးရန်နှင့် လမ်းမှားရောက်နေသည့် လူငယ်များကိုလည်း လမ်းမှန်သို့ရောက်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ဖလင်ပိဋကတ်တိုက်အတွင်း ရုပ်ရှင်ဖလင်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးမဖြတ်နိုင်သည့် မော်ကွန်းရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေးနှင့် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကာ ယခင်မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မော်ကွန်းရုပ်ရှင်ရုံးခွဲအဆောက်အအုံသည် ၁၉၂၅ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုအခါ နှစ် ၁၀၀ ခန့် သက်တမ်းရှိကာ ယခင်က မော်ကွန်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်၊ ထုတ်လုပ်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများ ဆင်ဆာကြည့်ရှုခြင်း၊ ရုပ်ရှင်ထူးချွန်ဆုများ စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အဆောက်အအုံဖြစ်သည်။

ယင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများပြီးစီးပါက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ



နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ခင်မင်ယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့သော COL SHRIKANT JETHI ဦးဆောင်သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟ စေတီတော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းခြင်း၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်လေ့လာခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချ အလေးပြုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင်လည်း အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည့် ဗိုလ်မှူးကြီးဇာနည်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည် ၁၂၀ ပါဝင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်နှင့် ပေ ၈၀ မဟာဗုဒ္ဓ(ဂျပန်) ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လှည့်လည်ဖူးမြော်ခြင်း၊ မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်ခဲ့သော ဥရုဝေလတောနေရာသို့ သွားရောက်ဖူးမြော်ခြင်း၊ သုဇာတာအိမ်တော်ရာ စေတီအား လည်ပတ်ကြည့်ရှုခြင်းနှင့် မြန်မာဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ကြီးထံမှ သီလခံယူကြပြီး ဉာဏ်တော်အမြင့် ၁၂ လက်မရှိသော စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် မာရဝိဇယ ပုံတူရုပ်ပွားတော်တစ်ဆူ၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဂျာရပ်ချ်မန်ဂျီတောင် အထိမ်းအမှတ်နေရာ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာနှင့် ဝေဠုဝန်ဥယျာဉ်တို့အား သွားရောက်လှည့်လည်လေ့လာကြည့်ရှုခြင်းနှင့် Myanmar Buddhist Academic Center သို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံတွင် လေ့လာလည်ပတ်၍ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# အလင်းရောင်စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန္ဒာမြောက်ကျေးရွာရှိ 'အလင်းရောင်' စာကြည့်တိုက်သစ် အမြန်ဖွင့်လှစ်နိုင်ရေး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့်အတူ မြို့နယ်ဝန်ထမ်းများ လိုက်ပါလျက် အဆိုပါ စာကြည့်တိုက်အား ယနေ့နံနက် ၉နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

'အလင်းရောင်' ကျေးရွာစာကြည့်တိုက်သည် နံကပ်တစ်ထပ် အဆောက်အဦဖြစ်ပြီး၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းကော်မတီမှ မတည်ငွေကျပ် သိန်း (၁၅၀)၊ ကျေးရွာနေ ပြည်သူများ၏ ထည့်ဝင်အလှူငွေတို့ဖြင့် ဆောက်လုပ်လှူဒါန်းထားသော ကျေးရွာစာကြည့်တိုက်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ၏ဘဝ အသိပညာ၊ ဗဟုသုတများစွာ ရရှိမည့်အပြင်၊ ကျေးရွာရှိ ကျောင်းသားကျောင်းသူ ကလေးငယ်များ၊ အတန်းပညာတင်မက အထွေထွေ ဗဟုသုတများစွာရရှိစေမည့် စာအုပ်စာစောင်များစွာကိုလည်း၊ အဆိုပါ စာကြည့်တိုက်တွင် ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၀၉၅)

၀-၀-၀-၀-၀

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**မောက်မယ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံ လူငယ်လူရွယ်များ အသိပညာဗဟုသုတရရှိစေရန်နှင့် လူငယ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက ယခုလူငယ် နောင်ဝယ်လူကြီးများဖြစ်ကြမည့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်စေရန်၊ လိုက်နာကျင့်သုံးရမည့် ပြည်သူ့နီတိကျင့်ထုံးများ၊ ပြုမူကျင့်သုံးလိုက်နာရမည့် ဂါရဝတရား၊ နိဝါတတရားများ၊ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရားစသည့် ကိုယ်နှုတ်စိတ်သုံးပါးမှ ပြုမူနေထိုင် ကျင့်ကြံရမည့် အကြောင်းအရာများ၊ လူငယ်များ အနေဖြင့် ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေး ကောင်းမွန်စေရေး၊ ကြီးပွားရေး အမြင်ရှိစေရေးတို့အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောပြီး ပြသထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့အတွင်း၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပျက်ပြားစေရန်ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့်စတေကာများ လိုက်လံကပ်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာများ ရေးသားထားသည့် စတေကာများဖြင့် အများပြည်သူသွားလာနေသည့်နေရာများ၌စတေကာကပ်၍ လှုံ့ဆော်သူ အမျိုးသား နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။







(တရားခံ ဝဲမှယာ ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင်(ခ)အကြီးကောင်၊ အောင်ရဲထွဋ်(ခ)ရဲထွဋ်)

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လှုံ့ဆော်စာရေးသားထားသည့် စတေကာများကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ဘန်းကျေးရွာ ကျန်စစ်သားလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်ရှိ လမ်းညွှန်ဆိုင်းဘုတ်၌ ကပ်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လမ်းညွှန်ဆိုင်းဘုတ်ပေါ်၌ အလျား ခုနစ်လက်မ၊ အနံ လေးလက်မခန့်ရှိနောက်ခံအနီရောင်ပေါ်တွင် အဝါရောင်ဖြင့် ရွေးကောက်ပွဲအား ဆန့်ကျင်လှုံ့ဆော်ရေးသားထားသည့် စာသားပါ စတေကာတစ်ရွက်နှင့် အနက်ရောင်မဲပုံးပေါ်တွင် ကျည်ဆန်ပုံသင်္ကေတန်များပါ စတေကာတစ်ရွက် ကပ်ထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်း၍ ကျူးလွန်သူများကို လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်းက(ပ) စ၁၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် အမှုဖွင့်လှစ်၍ ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သည့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်ရဲထွဋ်(ခ) ရဲထွဋ်(၂၄)နှစ်နှင့် ရန်နိုင်ကြည်ဝင်း(ခ)ရန်နိုင်(ခ) အကြီးကောင်(၂၃)နှစ်တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ၎င်းတို့နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းတို့၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပျက်ပြားစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၃ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ ၁၀ နေရာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်ရေးသားထားသည့် စာသားပါစတေကာများဖြင့် အသိပေးလှုံ့ဆော်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရကြောင်းနှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရှင်မတောင်ဒေသထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရ

**ရေစကြို စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက် သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုမိုရရှိစွာ ရောင်းချနေရကြောင်း ပုဂံမြို့ဟောင်း သဗ္ဗညုဘုရားကြီးတွင် ရောင်းချနေသည့် သနပ်ခါးပင်နှင့် သနပ်ခါးတုံးများကို ရောင်းဝယ်ရေး ပွဲစားများထံက သိရသည်။

အဆိုပါသနပ်ခါးရောင်းဝယ်ရေးပြုလုပ်နေသည့် သဗ္ဗညု၊ ပြဿဒ်ကြီး၊ ကန်တော့ပလ္လင်၊ ရွှေစည်းခုံ၊ လောကနန္ဒာ၊ ဘူး၊ ငှက်ပစ်တောင်၊ နန်းဦး၊ အာနန္ဒာ၊ ဓမ္မရာဇကများတွင် သနပ်ခါးရောင်းဝယ်ရေး ပြုလုပ်နေသည့် ဈေးသည် အများအပြားရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ်၊ ကန်နီရွာ၊ ဖောက်ပင်ရွာထွက် သနပ်ခါးများနှင့် ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အရည်အသွေး ကောင်းမွန်ပြီး အသွေးခံပြီး လိမ်းခြယ်ရာတွင် မွှေးကြိုင်သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်တစ်လွှား နာမည်တစ်လုံးဖြင့် ရပ်တည်နေသော သနပ်ခါးဖြစ်ကြောင်း သနပ်ခါးပွဲစား ဒေါ်လှလှတင်က ပြောသည်။ ကန်တော့ပလ္လင်ဘုရားရှိ သနပ်ခါးတန်းတွင် ဆယ်နှစ်ကျော်အထက် ရှင်မတောင်သနပ်ခါးမျိုးများသာ ရောင်းချနေခြင်းကြောင့် သနပ်ခါးပွဲစားတန်း နာမည်ရရှိနေခြင်းဖြစ်ကြောင်း၊ လက်လီ၊ လက်ကား တစ်နိုင်ငံလုံးအာမခံပြီး ရောင်းချကြကြောင်း၊ သနပ်ခါးတုံးများအား အရှည်တစ်ပေခွဲဖြတ်ပြီး ရောင်းချပေးခြင်း၊ ဝယ်ယူသူဖြတ်ခိုင်းမှသာ ဖြတ်ပေးကြောင်းနှင့် အရှည် တစ်ပေခွဲ သနပ်ခါးတုံးများကို ငွေကျပ် ၅၀၀၀ မှ ၁၅၀၀၀ အထိ၊ သနပ်ခါးအတုံး၊ အပွေးပါရှိမှု၊ အပွေးပါပြီး ဖောင်းထမှုများလျှင် ပို၍ဈေးရကြောင်း၊ အပွေးပါရှိမှုနည်းလျှင် ဈေးလျှော့ရောင်းချရကြောင်း သနပ်ခါးရောင်းချနေသူ ဒေါ်ချိုပြုံးက ပြောသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အပွေးထူ၍ ဝယ်ယူသူအကြိုက် ရှင်မတောင်သနပ်ခါးမျိုးများဖြစ်ကြောင်း၊ စိုက်ပျိုးရေးသနပ်ခါးသည် အခြားဒေသထွက် သနပ်ခါးများနှင့် ကွာခြားကြောင်း၊ သနပ်ခါးလိမ်းခြယ်ကြည့်ခြင်း၊ သနပ်ခါးသွေးကြည့်ခြင်းဖြင့် အရည်အသွေးကွာခြားမှု သိနိုင်ကြောင်း၊ စိုက်ပျိုးရေး သနပ်ခါးတုံးများထက်ပို၍ အထားခံခြင်းများကြောင့် ဈေးနှုန်း ပိုမိုရရှိကြောင်း၊ ဝယ်ယူသုံးစွဲမှုလည်း များပြားကြောင်း သနပ်ခါးပွဲစား ဦးသိန်းလွင်ဦးက ပြောကြားကာ ရှင်မတောင် သနပ်ခါးများနှင့် ဈေးနှုန်းကွာခြားကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၁)

ရေနုတ်မြောင်းအတွင်း အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ပါ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးနည်းပညာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးနည်းပညာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် သိပ္ပံနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ စာတမ်းဖတ်ကြားသည့် စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စာတမ်းဖတ်ပွဲများကျင်းပပေးခြင်းဖြင့် အသိဉာဏ်ပညာကြွယ်ဝမှု၊ အတတ်ပညာပြည့်စုံမှုနှင့် ကျွမ်းကျင်မှုရရှိရေးမှသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆောင်ပုဒ်အတိုင်း အကောင်အထည်ဖော်နိုင်သည့်ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် အခြားနည်းပညာတက္ကသိုလ်များ အပါအဝင် ဘာသာရပ်(၁၃)ခုမှ စာတမ်း(၅၂)စောင်အား တင်သွင်းဖတ်ကြားသွားမည်ဟု သိရှိရပါကြောင်း၊ နည်းပညာကဏ္ဍဖြင့် တက္ကသိုလ်တစ်ခုနှင့် တစ်ခုအကြား စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှုတို့ကိုပြသနေပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နေခြင်းလည်းဖြစ်ပါကြောင်း၊ လုပ်ငန်းနယ်ပယ်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်နေခြင်းဖြင့် အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အခြားတက္ကသိုလ်များ၊ သုတေသနစင်တာများနှင့် သုတေသနဌာနများ၊ စက်မှုလက်မှုလုပ်ငန်းများအကြား၊ ပြည်သူလူထုနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝန်းအကြား သုတေသနလုပ်ငန်းများ တိုးတက်လာစေရန်၊ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်များပြားလာစေရန်၊ အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ၏ နည်းပညာဆိုင်ရာ လိုအပ်ချက်များအပေါ် ကူညီဖြည့်ဆည်းပေးနိုင်ရန်၊ သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားများ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အထောက်အကူပြုနိုင်စေရန်၊ တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် စက်မှုကုန်ထုတ်လုပ်သူများအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဖော်ဆောင်လာနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးနည်းပညာတက္ကသိုလ်ရှိ သင်ထောက်ကူခန်းများ၊ လက်တွေ့ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ဆောင်ရွက်ထားသည့် ပရောဂျက်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် သုတေသနစာတမ်း တင်သွင်း ဖတ်ကြားခြင်းများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်နှင့် အနီရောင် လေးမျိုးပါ အမှိုက်ပုံးများ ခွဲဝေပေးအပ်

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အခြေခံပညာကျောင်းများအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်နှင့် အနီရောင် လေးမျိုးပါ အမှိုက်ပုံးများ ခွဲဝေပေးအပ်သည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)၊ အမှတ်(၄)၊ အမှတ်(၈)၊ အမှတ်(၁၁)နှင့် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (လ၁၄)တွင် ခွဲဝေပေးအပ်ခဲ့ပြီး ကျောင်းများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူတစ်ဦးချင်းစီမှ ထွက်ရှိသော အမှိုက်ပမာဏ အမှိုက်လျှော့ချနိုင်ရန်၊ အမှိုက်ခွဲခြားစွန့်ပစ်မှုနှင့် ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟာစနစ်အား လက်ဆင့်ကမ်းပေးနိုင်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ပါကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့များမှလည်း စွန့်ပစ်အမှိုက်များကို ခွဲခြားသိမ်းဆည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်မှု အစဉ်အမြဲဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးသည့် အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင် နှင့် အနီရောင် လေးမျိုးပါ အမှိုက်ပုံး အစုံ ၃၀၀ စုံကို ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်)**

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အခြေခံ စံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ ရေးဆွဲထားသော Action Plan ကို ရှင်းလင်းဆွေးနွေးပြီး ဝင်ရောက်ယှဉ်ပြိုင်မည့်ကျောင်းများမှ Action Plan နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးရှင်းလင်းဆွေးနွေးကာ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ က Action Plan နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့်ကျောင်းများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးနိုင်ရန် ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံ



**မန္တလေး စက်တင်ဘာ ၁၉**

ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးနိုင်ရန်အတွက် ဈေးသူ၊ ဈေးသားများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆိုင်ခန်းများ စနစ်တကျ နေရာချခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့်အထောက်အကူပြုအဖွဲ့များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့မှာ မန္တလေး-လားရှိုး၊ အာဆီယံ အဝေးပြေးကားလမ်းမကြီး၏ အချက်အချာကျသော မြို့တစ်မြို့ဖြစ်ပြီး ကူးသန်းရောင်းဝယ်ဖောက်ကားမှု၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် တောင်ပေါ်အပန်းဖြေစခန်း မြို့တစ်မြို့လည်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဒေသစီးပွားရေးများ၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ သုမင်္ဂလာဈေးအား နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိသည့် ခေတ်မီအဆင့်မြင့်ဈေးသစ်ကြီးအဖြစ် မူပါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မကြာခင် ဖွင့်လှစ်သွားနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဆိုင်ခန်းရှင်များ၊ လုပ်ငန်းရှင်များ အမှန်တကယ်တည်ခင်းရောင်းချမည့်ဈေးသည်များအား စနစ်တကျ နေရာချထားခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် ရပ်မိရပ်ဖများ ပါဝင်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ဆိုင်ခန်းနေရာချထားပေးခြင်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက ခေတ်မီအဆင့်မြင့် သုမင်္ဂလာဈေး(ညံ့တောဈေး)အလွှာလိုက်၊ နေရာလိုက် ဌာနမံရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှု၊ စနစ်တကျ နေရာချထားခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်များဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဈေးသူ၊ ဈေးသားများ၊ မြို့မိမြို့ဖများမှ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဝန်ထမ်းများအား ဆန်များ ထောက်ပံ့




**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်များထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ခန်းမဆောင်တွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ထောက်ပံ့ပေးအပ်ရာမှာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က စားသုံးဆန်များ၊ ထောက်ပံ့ပေးအပ်ရသည့် ရည်ရွယ်ချက်များနှင့်ပက်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မကြာမီ ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် မိမိကျရာ အခန်းကဏ္ဍမှနေ၍ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း ထည့်သွင်းအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများက မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်ကျသော၊ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများစုစုပေါင်း ၁၇၅ ဦးအတွက် ဆန် ၁၂၂၅ ပြည် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

## လူငယ်ပညာပေးဟောပြောပွဲနှင့် အသိပညာပေးပွဲ ကျင်းပ

**မြို့သစ် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ပညာပေးဟောပြောပွဲနှင့် အသိပညာပေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တလုပ်ပင်ကျေးရွာအုပ်စု၊ တလုပ်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ပလတ်စတစ် အသုံးပြုမှု လျှော့ချရေးနှင့် ပလတ်စတစ်၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင် ဆရာ ဦးတင်မောင်ဝင်းက မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း၊ ဆရာကြီး ဦးငွေလွင်က စာပေဖတ်ရှုခြင်းနှင့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး စာအုပ်၊ စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်တွင် ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ထောက်ပံ့ရန်ပုံငွေဖြင့် မြို့မအနောက်ရပ်ကွက် (၁၁)လမ်းတွင် ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိသည်။

ထပ်ပိုးလွှာကတ္တရာလမ်း အရှည် ၆၇၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိပြီး လမ်းဘေး ဝဲ၊ ယာပခုံးတွင် မြေသားနှစ်ပေခင်းကာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ရန်ပုံငွေ ၁၈ ဒသမ ၈၀၀ ကျပ်သန်းဖြင့် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါထပ်ပိုးလွှာကတ္တရာလမ်းခင်းခြင်းကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ရာသီမရွေး သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

၀-၀-၀-၀-၀

# တရုတ်ခရီးသွားများမြင့်တက်လာခြင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ ဖန်တီးဖြစ်ပေါ်စေသည်ဟု ဆို



ဖနောင်ပင် စက်တင်ဘာ ၁၉

၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်ခရီးသွားဧည့်သည် ၇၈၄၉၆၅ ဦးကို ဆွဲဆောင်နိုင်ခဲ့သဖြင့် နှစ်စဉ် တရုတ်ခရီးသွားဧည့်သည် ၄၅ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာကြောင်း ခရီးသွားလုပ်ငန်းအရာရှိ တစ်ဦးက စက်တင်ဘာ ၁၉ ရက်က ပြောသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လအတွင်းကမ္ဘောဒီးယားနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည့် နိုင်ငံတကာခရီးသွားဧည့်သည် ၄ ဒသမ ၀၅ သန်း ရှိခဲ့ပြီး ၎င်းတို့အနက် ၁၉ ဒသမ ၃ ရာခိုင်နှုန်းမှာ တရုတ်ခရီးသွားများဖြစ်သည်ဟု ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဟန်ဆော့ချန်မရွန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ အားလပ်ရက်လာရောက်လည်ပတ်သူများတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် တတိယအများဆုံးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းကဏ္ဍသည် တရုတ်ခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံသူများ စီးဆင်းဝင်ရောက်မှုမှ ခွဲထွက်၍ရနိုင်မည်မဟုတ်ကြောင်း ဖနောင်ပင်မြို့တွင် ရှင်ကျန်းယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းအရင်းအမြစ်မြှင့်တင်ရေးအခမ်းအနားတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ခရီးသွားများ မြင့်တက်လာခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရုံသာမက တခြားကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးဖြစ်ပေါ်စေမည့် အရေးကြီးသောအခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယား-တရုတ် ခရီးသွားနှစ် (၂၀၂၅) သည် နှစ်နိုင်ငံကြားခရီးသွားများ လည်ပတ်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း လက်ထောက်အတွင်းဝန် ဟန်ဆော့ချန်မရွန်က ပြောသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် မဏ္ဍိုင်လေးရပ်အနက်မှ တစ်ခုဖြစ်သည်။ ဆင်ဟွာ

## ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီ မက္ကဆီကိုသို့ အလည်အပတ်ရောက်ရှိ သမ္မတ ကလော်ဒီယာရှိန်ဘောင်းနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်

**မက္ကဆီကို စက်တင်ဘာ ၁၉**

ကနေဒါနှင့် မက္ကဆီကိုနှစ်နိုင်ငံအနေဖြင့် ၂၀၂၀ ခုနှစ်က ချုပ်ဆိုခဲ့သော အမေရိကန်-မက္ကဆီကို-ကနေဒါသဘောတူညီချက်နှင့်ပတ်သက်၍ အပြန်အလှန်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး နှစ်ဖက်ချဉ်းကပ်ပုံကို ပေါင်းစပ်ညှိနှိုင်းသွားရန် ကတိပြုထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီသည် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ဆက်ဆံရေးများ ဆွေးနွေးရန်အတွက် ၎င်း၏ လုပ်ဖော်ကိုင်ဖက် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်းနှင့်တွေ့ဆုံရန် စက်တင်ဘာ ၁၈ ရက်က မက္ကဆီကိုနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ခေါင်းဆောင်နှစ်ဦးက ၎င်းတို့နိုင်ငံများအကြား ဆက်ဆံရေးကို ချဲ့ထွင်ရန် သဘောတူညီခဲ့ကြပြီး အမေရိကန်နှင့် သုံးပွင့်ဆိုင်ကုန်သွယ်ရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအတွက် ကတိပြုထားကြောင်း ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံသည် "လေးစားမှု"ကို အပြန်အလှန်ဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ကြမည်ဟု မျှော်လင့်ကြောင်း သမ္မတရှိန်ဘောင်းက ပြောကြားသည်။

"မက္ကဆီကိုနဲ့ ကနေဒါဟာ အပြန်အလှန်လေးစားမှုနဲ့အတူ ပူးပေါင်းဆောင်ရွက်မှုဟာ စိန်ခေါ်မှုတိုင်းကို ကျော်လွှားဖို့ လမ်းကြောင်းဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့အတူ ဆက်လက်ပြီးတော့ အတူတူ လျှောက်လှမ်းသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ထည့်သွင်းပြောကြားကြောင်း သိရသည်။ Mon

## ကျားသေကောင်ကို ကားနောက်ခန်းတွင် တွေ့ရှိပြီးနောက် သံသယရှိသူ ၃ ဦးကို ယမန်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဟု ဆို

**ကွာလာလမ်ပူ စက်တင်ဘာ ၁၉**

ရှားပါးမျိုးစိတ်ဖြစ်သည့် မလေးရှားကျားသေကောင်ကို ကားနောက်ခန်းတွင် တွေ့ရှိပြီးနောက် သံသယရှိသူ ၃ ဦးကို ယမန်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မလေးရှားနိုင်ငံ၊ ဂျိုဟိုးပြည်နယ်၊ ဖယ်လ်ဒါတန်ဂါရိရွာရှိ ကားတစ်စီးကို တိရစ္ဆာန်ထိန်းသိမ်းရေး အာဏာပိုင်များက အင်္ဂါနေ့တွင် ရှာဖွေစစ်ဆေးခဲ့ရာမှ ထိုကျားသေကောင်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါရွာသည် ကွာလာလမ်ပူမြို့၏ အရှေ့တောင်ဘက် ၃၈၀ ကီလိုမီတာခန့် အကွာအဝေးတွင် တည်ရှိသည်။

သေဆုံးနေသည့် တိရစ္ဆာန်ကို လက်ဝယ်ထားရှိခွင့်ပြုသည့် အထူးပါမစ်များ ပြသနိုင်ခြင်းမရှိသောကြောင့် အသက် ၂၈ နှစ်မှ ၄၉ နှစ်ကြားရှိ အမျိုးသားသုံးဦးကို ဖမ်းဆီးခဲ့သည်။

အဆိုပါ ကျားသေသည် အထီးအမ မသိရှိရသေးသော်လည်း ထောင်ချောက်ဆင်ခံခဲ့ရပြီး ဦးခေါင်းတွင် ၆ ချက်ပစ်ခတ်ခံထားရကြောင်း သတင်းများက ဖော်ပြသည်။

မလေးရှားကျားများသည် အလွန်အမင်း မျိုးတုန်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး အရှေ့တောင်အာရှနိုင်ငံ၏ အမျိုးသား အထိမ်းအမှတ်လည်းဖြစ်သည့် အဆိုပါ ကျားကောင်ရေ ၁၅၀ အောက်သာ သဘာဝတောထဲတွင် ကျန်ရှိတော့ကြောင်း သိရသည်။ Mon

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၄၆၁ ဦးကျော်ရှိ

ဒါကာ စက်တင်ဘာ ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်မှာ ဆက်လက်တိုးလာနေပြီး စက်တင်ဘာ ၁၈ ရက်အထိ သေဆုံးသူ ခြောက်ဦးရှိကြောင်း ကျန်းမာရေး ဝန်ဆောင်မှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်)က ပြောကြားသည်။

စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူသစ် ၆၄၇ ဦးရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၀၄၆၁ ဦး ကျော်ရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောကြားသည်။ အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်းမှာ ၁၆၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဒီဂျီအိတ်ချ်အက်စ်က ထုတ်ပြန်ထားသည်။ ခြင်ကြောင့် ကူးစက်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်မားသည်ဟု ယူဆရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံရာသီသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်ရာသီဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မက်လုံးအသစ်များ ပေါ်ထွက်လာနိုင်သည်ဆိုသော မျှော်လင့်ချက်များကြောင့် အာရှစျေးကွက်များ ယခုအပတ်အတွင်း၌ အပြုသဘောဆောင်နေခဲ့



**တိုကျို စက်တင်ဘာ ၁၉**

ဘဏ္ဍာငွေကြေးဆိုင်ရာ မက်လုံးအသစ်များ ပေါ်ထွက်လာနိုင်သည်ဆိုသော မျှော်လင့်ချက်များကြောင့် အာရှစျေးကွက်များသည် ယခုအပတ်တွင် အပြုသဘောဆောင်နေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂျပန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းတိုးမြှင့်ခြင်း မပြုလုပ်နိုင်ဟု မျှော်လင့်ထားခြင်းကြောင့် နစ်ကေးဈေးကွက်အခြေအနေ တည်ငြိမ်နေခဲ့သည်။

ယခုအပတ်တွင် အမေရိကန်၊ ကနေဒါနှင့် နော်ဝေနိုင်ငံတို့ရှိ ဗဟိုဘဏ်များက အတိုးနှုန်းများ လျှော့ချခဲ့ကြသည်။ ဗြိတိန်ဘဏ်ကမူ အတိုးနှုန်းကို ဆက်လက်ထိန်းထားသည်။ ဂျပန်ဗဟိုဘဏ်သည်လည်း ပြည်တွင်းနိုင်ငံရေး မရေရာမှုများကြောင့် လွယ်ကူသော ငွေကြေးမူဝါဒကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက် ထိန်းထားနိုင်ဖွယ်ရှိသည်။

တိုကျိုဈေးကွက်မှ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအကြီးအကဲဖြစ်သူ ဂျိမ်းစ်ရော့စ်ဆီတာက "ပြီးခဲ့သည့်တစ်ပတ်က ဗဟိုဘဏ်များ၏ ဆုံးဖြတ်ချက်များကို နောက်ကြောင်းပြန်ကြည့်လျှင် မည်သူမျှ မမျှော်လင့်ထားသည့် အံ့အားသင့်စရာများကို ပြုလုပ်ရန် စိတ်မသက်မသာ ဖြစ်ခဲ့ကြကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည်"ဟု ထုတ်ဖော်ပြောကြားသည်။

ဆက်လက်တည်ရှိနေသော မရေရာမှုများသည် မူဝါဒချမှတ်သူများ၏ အန္တရာယ်များကို လက်ခံနိုင်စွမ်း လျော့ကျစေခဲ့သော်လည်း ဗဟိုဘဏ်များစွာသည် နောက်အစည်းအဝေးများတွင် အတိုးနှုန်းများ လျှော့ချမည်ကို မျှော်လင့်ရသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ Mon

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသ



**ကလော စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာလ ၁၇ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း (ယာယီ) ကျောင်းဆောင်၌ ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခဲ့သည်။

ရှေးဦးစွာ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြူက အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လူငယ်ရေးရာနှင့် ပတ်သက်၍ ဗလငါးတန်အကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာနှင့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရေး အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## သရက်မြို့၌ စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။


အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း၏ ဆိုလိုရင်းအကြောင်းအရာ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းရှင်အနေဖြင့် အာမခံချက်ရှိသင့်သည့်အချက်များနှင့် မှတ်ပုံတင်လျှောက်ထားရာတွင် ကိုက်ညီ ရမည့် အချက်များ၊ မှတ်ပုံတင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**ဇော်ထက်(သရက်)**

*- *- *- *- *




## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## ကလေးစာဖတ်ခန်း၌ ကလေးများအား စက္ကူဖြင့် အရုပ်ခေါက်ပြခြင်း ဆောင်ရွက်ပေး

**တာလေ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါရုံးရှိ ကလေးစာဖတ်ခန်း၌ စက္ကူဖြင့်အရုပ်ခေါက်ပြခြင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဒေါ်ရီရီထွန်းက စက္ကူဖြင့်အရုပ်ခေါက်ပြခြင်းများ ဆောင်ရွက်ခဲ့ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြပြီးနောက် အရုပ်ခေါက်ခြင်းများကို လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စက္ကူဖြင့် အရုပ်များခေါက်ပြခြင်းသည် ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာ ဗဟုသုတ တိုးပွားရရှိစေရန်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်းနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာပေကိုချစ်ပါ

\- - - - - - - - - - - - -

* စာဖတ်လျှင် ဘဝလု
အောင်မြင်ရ ပန်းတိုင်ဆီ
အသိဉာဏ် လမ်းမမှား
ခမ်းနားလှသည်။

* အဆိုးအကောင်း ခွဲခြမ်းရာ
စာပေမှာ လမ်းမှန်ရှိ
အားလပ်ချိန် စာတွေဖတ်
မှတ်သားသင့်၏။

* စာအုပ်စာပေ လှူမိတ်ဆွေမို့
စာဖတ်စို့များသူငါ
အသိပညာ ဗဟုသုတ
ရကြမည်သာ။

* စာတတ်လျှင် တံခွန်ထူ
မပန်းမပူ နေထိုင်ရ
လူငယ်တွေ စာမြတ်နိုးလို့
ကောင်းကျိုးပြည့်ဝ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**တပ်ကုန်း စက်တင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌမှ ဦးဆောင်ကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီနိုင်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေးဟော ပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ တပ်ကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ညီညီထွန်း၊ မြို့နယ် ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဒေါ်ရွှေစင်မင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်ရာများ၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ် ဥပဒေဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ပြီးနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မန္တလေး-ရွှေဘို-မုံရွာကားလမ်းမပေါ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မုံရွာမြို့ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကွေ့ကြီးရပ်ကွက်နေ ထွန်းအောင်(၄၇)နှစ် မောင်းနှင်သော HONDA FIT အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ အမှတ်(၇၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မဲဆောက်မြို့မှ မြဝတီမြို့ဘက်သို့ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ လှဌေး(၃၂)နှစ် မောင်းနှင်လာသော HONDA FIT SHUTTLE အနက်ရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လှဌေးအား မြဝတီမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## သုံးလုံးထီ လောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၆ ရက်က ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ သုံးလုံးထီ လောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဆန်ဆိုင်းရပ်ကွက်(ခ)နေ ဒေါ်မြင့်ရီမာ(၄၆)နှစ်၏နေအိမ်၌ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်မြင့်ရီမာအား နေအိမ်နှင့် တွဲလျက်ဖွင့်ထားသည့် ကွမ်းယာဆိုင်တွင် တွေ့ရှိရပြီး ဆိုင်ကောင်တာစားပွဲခုံပေါ်မှ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်မြင့်ရီမာအား တာချီလိတ် မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ (၄၈)ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ် မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲက မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ညီညီစိုး မောင်းနှင်ပြီး အောင်မိုးဝင်း လိုက်ပါလာသည့် MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၉၅၀ မြန်မာငွေကျပ် လေးသိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ညီညီစိုး(၄၀)နှစ်နှင့် အောင်မိုးဝင်း(၄၀)နှစ်တို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဝမ်းတွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၂၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဝမ်းတွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာနေ ------ (၃၄)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ----- (၃၅)နှစ် လိုက်ပါလာသည့် FUSO ဆီဘောက်ဆာ ၂၂ ဘီး မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ မျက်နှာချင်းဆိုင်မှ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ----- (၅၂)နှစ် မောင်းနှင်လာသည့် နံပါတ်မပါ SUMBO CZI မော်တော်ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ----- တွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ----- နှင့် ----- တို့ နှစ်ဦးအား ဝမ်းတွင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ဘိုးဘွားတို့ ကျန်းမာရေး



အသက်အရွယ်ကြီးသူတို့တွင် အများဆုံးကြုံတွေ့ရသော ကျန်းမာရေးပြဿနာများမှာ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးပွရောဂါ၊ တုပ်ကွေး အပါအဝင် အဆုပ်ပွရောဂါများ၊ အိပ်မပျော်ခြင်း၊ ချော်လဲခြင်း(သို့မဟုတ်)ထိခိုက်ဒဏ်ရာရခြင်း၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အဝလွန်ခြင်း၊ အထီးကျန်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ ဖြစ်ကြသည်။

**အာဟာရပြည့်ဝစွာ စားသောက်နည်း**

အသက်ကြီးလာသည်နှင့်အမျှ အစားသိပ်မစားနိုင်တော့ပေ။ ထို့ကြောင့် ပါးစပ်ထဲဝင်သမျှ အစားအစာအားလုံးသည် အာဟာရပြည့်ဝဖို့ အရေးကြီးသည်။ နည်းနည်းချင်းစီ မကြာခဏ စားပေးပါ။ ကွေကာအုတ်၊ နို့ဆန်ပြုတ်၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တို့ကို အဓိကထား စားသုံးပါ။ နံနက်ခင်း ပုံမှန်သောက်နေကျ လက်ဖက်ရည်(သို့မဟုတ်)ကော်ဖီတစ်ခွက်နေရာမှာ နွားနို့တစ်ခွက်ဖြင့် အစားထိုးပါ။ အသားဓာတ် ပြည့်ဝအောင်စားပါ။ ကယ်လ်စီယမ်မချို့တဲ့အောင် ဂရုစိုက်ပါ။ ဗီတာမင်ဘီ-၁၂ ဖြည့်စွက်သောက်သုံးပါ။ ဗီတာမင်ဒီပြည့်ဝသော အစားအစာများစားပါ။(ဥပမာ-အဆီများသောငါး၊ ဖြည့်စွက်စာဆေးဝါး၊ နေပူဆာလှုံခြင်း)၊ သံဓာတ်ကြွယ်ဝသော အစားအစာများစားပါ။(ဥပမာ-အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ အနီရောင်အသားများ)၊ အချိုအငန် လျှော့စားပါ။ ညအိပ်ရာဝင်ခါနီး ဗိုက်ဆာပါက နွားနို့တစ်ခွက်သောက်ပါ။ အချိုရည်ပါဝင်မှုမြင့်မားသော အစားအစာများ(ဥပမာ-ဖျော်ရည်၊ ကိတ်မုန့်)တို့ကို ရှောင်ပါ။ တာရှည်ခံအောင် ပြုလုပ်ထားသော အစားအစာများ၊ အသင့်စား အစားအသောက်များ၊ ဆီကြော်အစားအစာများကို တတ်နိုင်သလောက်ရှောင်ပါ။ အစာစားချင်စိတ် နည်းပါးနေချိန်မှာ တစ်ယောက်တည်း မစားဘဲ မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းများနှင့်ဖြစ်စေ အတူတကွ သုံးဆောင်ပါ။

**ဘိုးဘွားတို့အတွက် လိုအပ်သော ဗီတာမင်များ**

(က)အရိုးသန်မာစေပြီး အရိုးပွရောဂါမှ ကြိုတင်ကာကွယ်ရန် ကယ်လ်စီယမ် လိုအပ်သည်။ (ခ)အရိုးဆုံးရှုံးခြင်းနှင့် အရိုးကျိုးခြင်းမှ ကြိုတင်ကာကွယ်ရန် ဗီတာမင်ဒီ လိုအပ်သည်။ (ဂ)သွေးဆဲလ်နှင့် အာရုံကြောဆဲလ်များကို အထောက်အကူပြုနိုင်ရန် ဗီတာမင်ဘီ-(၁၂) လိုအပ်သည်။ (ဃ)သွေးအားနည်းခြင်းမှ ကာကွယ်ရန် ဖောလစ်အက်ဆစ် လိုအပ်သည်။ (င)ဇီဝဖြစ်စဉ်နှင့် ကိုယ်ခံအားစနစ်ကို အထောက်အကူပြုရန် ဗီတာမင်ဘီ-(၆)လိုအပ်သည်။ (စ)ကိုယ်ခံအားကောင်းစေပြီး အနာကျက်မြန်စေရန်နှင့် မျက်စိအတွင်းတိမ်ရောဂါမှ ကြိုတင်ကာကွယ်ရန် ဗီတာမင်စီ လိုအပ်သည်။ (ဆ)သွေးဖိအားနှင့် သွေးတွင်းသကြားဓာတ်ကို ပုံမှန်ထိန်းသိမ်းပေးနိုင်ရန် မဂ္ဂနီစီယမ် လိုအပ်သည်။ (ဇ)နှလုံးနှင့် နှလုံးသွေးကြောများ ကျန်းမာကြံ့ခိုင်စေရန် အိုမီဂါ-(၃) လိုအပ်သည်။

**ဘိုးဘွားတို့ ရေဓာတ်မခန်းခြောက်စေဖို့**

အသက်ကြီးလာချိန်မှာ ခန္ဓာကိုယ်၏ အပူချိန်အပြောင်းအလဲကို ထိန်းညှိရန် ရေကို ယခင်ထက် ပိုသောက်ပေးဖို့လိုသည်။ ရေဓာတ်နည်းသောအခါ ကြွက်သားနာကျင်ခြင်း၊ နွမ်းနယ်ခြင်းနှင့် အပူရှပ်ခြင်းများ ခံစားရနိုင်သည်။ ထို့ကြောင့် ရေဓာတ်ပြည့်ဝအောင် ဂရုစိုက်ပါ။ အသက်အရွယ်ကြီးသူများသည် ရေဓာတ်ခန်းခြောက်ခြင်းကို ခံနိုင်ရည်နည်းပါးသည်။ အမြန်ဆုံးကုသနိုင်မှသာ ဆိုးဆိုးရွားရွား ထိခိုက်မှုမှ ကာကွယ်နိုင်မည် ဖြစ်သည်။ ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေသော အကြောင်းများမှာ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ အဖျားရောဂါရှိခြင်း၊ ချွေးထွက်များခြင်းနှင့် ဆီးသွားများခြင်းတို့ဖြစ်၍ သတိရှိတတ်ပါစေ။ ထို့ပြင် အသက်အရွယ်ရလာချိန်မှာ အပူချိန်ကြောင့်ဖြစ်သော ဆိုးကျိုးများကို ကာကွယ်ရန်နှင့် လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်သောက်သုံးမှုများကို လျှော့ချရန်အတွက် ရေမဆာသော်လည်း အချိန်နှင့် သတိထားပြီး ရေသောက်ပေးသော အလေ့အကျင့်ကို မွေးမြူသင့်သည်။ ရေသောက်မမေ့စေရန်အတွက် မိမိလက်တစ်ကမ်းမှာ သောက်ရေတစ်ဖန်ခွက်တင်ထားပါ။ ရေတစ်ခွက်သောက်ပြီးတိုင်း ဖန်ခွက်ကို ရေထပ်ဖြည့်ပါ။

**သက်ကြီးတို့အတွက် အင်တီအောက်ဆီးဒင့်**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း(ခေါ်)အင်တီအောက်ဆီးဒင့် ပမာဏ တိုးမြင့်လာလျှင် လူကြီးများ စိတ်ရှုပ်ထွေးမှု ခံစားရနိုင်ခြေ လျော့နည်းမည်ဖြစ်ကြောင်း မေရီလန်းတက္ကသိုလ်မှ သုတေသီတစ်စုက ဖော်ထုတ်တွေ့ရှိခဲ့သည်။ အသက် ၄၅ နှစ်အထက် လူကြီးစုစုပေါင်း ၇၀၀၀ ကျော်တို့ကို ၁၅ နှစ်ကျော်မျှ စောင့်ကြည့်လေ့လာပြီးနောက် ဓာတ်တိုးဆန့်ကျင်ပစ္စည်း၏ အစွမ်းအာနိသင်ကို ယခုလို ဖော်ထုတ်သိရှိခဲ့ကြခြင်းဖြစ်ကြောင်း သုတေသီများက ဆိုပါသည်။ လူတို့သည် အသက် ၅၀ နှင့် ၆၀ ကျော်လာလျှင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ရှုပ်ထွေးဝေဒနာ ခံစားရလေ့ရှိကြောင်း၊ ထိုအခါ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက လူကြီးများခံစားရလေ့ရှိသော ထိုစိတ်ရှုပ်ထွေးမှုဝေဒနာကို အနည်းနှင့်အများ လျှော့ချပေးနိုင်ကြောင်း၊ သွေးတွင်းရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပမာဏတိုးမြင့်လာစေရန် အရွက်ဖားဖား အစိမ်းရောင်ဟင်းရွက်များဖြစ်ကြသော ကိုက်လန်၊ ဆလတ်၊ မုန်ညင်းနှင့် ဟင်းနုနယ်(ဟင်းနုနွယ်)တို့ကိုသာမက ပန်းမုန်လာစိမ်း၊ ပဲမျိုးစုံ၊ လိမ္မော်သီး၊ သရက်သီး၊ သဘောသီးနှင့် သစ်တော်သီး စသော ဓာတ်စာအမျိုးမျိုးတို့ကို စားသုံးပေးရမည်ဟု ဆိုသည်။

**သက်ကြီးပိုင်းနှင့် သွေးတိုးရောဂါ**

အမျိုးသား၊ အမျိုးသမီး သက်ကြီးပိုင်းတွင် အဖြစ်များဆုံးရောဂါမှာ 'သွေးတိုးရောဂါ'ဖြစ်သည်။ ထိုရောဂါကို ရှောင်ရှားလျှော့ပါးစေရန်အတွက် သက်ကြီးရွယ်မတိုင်ခင်ကပင် အနေအထိုင်၊အစားအသောက် အစဉ်ဂရုစိုက်ဖို့ လိုပါသည်။ (က)အစားအသောက်ထဲမှာ အငန်၊ အဆီ၊ အဆိမ့်၊ အချို လျှော့စားပါ။ (ခ)အသက်အရွယ်တိုင်းမှာ ကိုယ်အလေးချိန်ကို ပုံမှန်ရှိသင့်သည့် အနေအထားမျိုးဖြစ်အောင် ထိန်းသိမ်းပါ(သို့မဟုတ်)အဝလွန်နေပါက ဝိတ်လျှော့ပါ။ (ဂ)လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ (ဃ)အရက် အလွန်အကျွံမသောက်ပါနှင့်။ (င)အကောင်းမြင်စိတ် မွေးမြူပါ။ (စ)တရားထိုင်ခြင်း(သို့မဟုတ်)ထိုက်ကျိကစားခြင်း(သို့မဟုတ်)ယောဂကျင့်ခြင်း ပြုလုပ်ပေးပါ။ (ဆ)သွေးပေါင်ချိန် ပုံမှန်တိုင်းတာပါ။ (ဇ)ရုတ်တရက် သွေးဆောင့်တက်ခြင်းမျိုးဖြစ်မလာအောင် ဆရာဝန်ညွှန်ကြားထားသည့် သွေးပေါင်ထိန်းဆေး အမြဲမှီဝဲပါ။ (ဈ)ကွမ်း၊ ဆေးလိပ် ဖြတ်ပါ။

**ဘိုးဘွားများ အိပ်စက်ခြင်းပြဿနာ**

အသက်ရလာသည်နှင့်အမျှ ကောင်းစွာအိပ်ပျော်နိုင်ရန် ခက်ခဲသည်။ ထို့ပြင် အိပ်စက်မှုပုံစံပြောင်းလဲသွားကာ ညလယ်(သို့မဟုတ်)မနက်စောစော နိုးတတ်ပြီး အိပ်ချိန်နည်းပါးသည်။ အိပ်ချိန်နည်းသော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ဖို့၊ အိပ်ရေးဝဖို့ အရေးကြီးသည်။ အသက်အရွယ်ကြောင့်ဖြစ်သော အိပ်စက်ခြင်းပြဿနာကို ဖြေရှင်းရန် နည်းလမ်းကောင်းတချို့ရှိသည်။ ၄င်းတို့မှာ (က)ညအိပ်ခါနီး ငါးမိနစ်ခန့်အလို ကြေညက်လွယ်သောအစာ အနည်းငယ်စားပေးပါ။ (ခ)နွားနို့နွေးနွေး တစ်ခွက်သောက်ခြင်းက အိပ်ပျော်စေရန် အထောက်အကူဖြစ်သည်။ (ဂ)ကဖင်းဓာတ်ပါသော အစားအစာများကို ရှောင်ပါ(ဥပမာ-လက်ဖက်ရည်၊ ကော်ဖီ၊ အားဖြည့်အချိုရည်များ)။ (ဃ)နေ့လယ်နေ့ခင်း အချိန်ပြည့် အိပ်ရာထဲ လှဲမနေပါနှင့်။ (င)ညအိပ်ရာဝင်ချိန် ပုံမှန်ထားပါ။ (စ)ညအိပ်ခါနီး တီဗွီမကြည့်ပါနှင့်။ (ဆ)ညအိပ်ခါနီး ဖုန်းမသုံးပါနှင့်။ (ဇ)မနက်ခင်း လမ်းလျှောက်ပါ။

ဘိုးဘွားတို့တွင် အိပ်စက်ခြင်းပြဿနာရှိနေကြောင်းကို ဖော်ပြနေသော လက္ခဏာအမျိုးမျိုး ရှိပါသည်။ ၄င်းတို့မှာ (က)ပင်ပန်းနေသော်လည်း အိပ်ပျော်ရန် ခက်ခဲခြင်း။ (ခ)တစ်ရေးနိုးပြီးနောက် ပြန်အိပ်ရန် ခက်ခဲခြင်း။ (ဂ)အိပ်ရာနိုးချိန်တွင် လန်းလန်းဆန်းဆန်း မရှိခြင်း။ (ဃ)နေ့ခင်းတွင် ထိုင်းမှိုင်းခြင်း(သို့မဟုတ်)အိပ်ငိုက်ခြင်း။ (င)ထိုင်နေစဉ်(သို့မဟုတ်)တီဗွီကြည့်စဉ်(သို့မဟုတ်)မော်တော်ယာဉ်စီးနေစဉ် အိပ်ငိုက်ခြင်း။ (စ)နေ့ဘက်တွင် အာရုံစူးစိုက်မှုခက်ခဲခြင်း။ (ဇ)ဒေါသထွက်လွယ်ခြင်း။ (ဈ)နေ့လယ်စာ စားပြီးနောက် များမကြာမီ အလွန်အမင်း အိပ်ချင်ငိုက်မျဉ်းလာခြင်း။ (ည)အိပ်ပျော်စေရန် အိပ်ဆေး(သို့မဟုတ်)အရက်တို့ကို ပုံမှန်သောက်ရခြင်းတို့ ဖြစ်သည်။ နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် မှတ်ဉာဏ်ပျက်သုဉ်းခြင်း၊ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ရင်သားကင်ဆာတို့ ဖြစ်စေနိုင်သည်။

**အသက်အရွယ်ကြောင့် ဒူးနာခြင်း**

ဒူးသည် ခန္ဓာကိုယ်ကြီးတစ်ခုလုံး၏ အလေးချိန်ကို ထမ်းထားရသလို ဘဝတစ်သက်တာလုံး လှုပ်ရှားနေရသည့်အတွက် အသက်အရွယ်ကြီးရင့်လာချိန်မှာ မကြာခဏ နာကျင်လာတတ်သည်။ သက်ကြီးဒူးနာရောဂါကို သက်သာစေရန်အတွက် ရောင်ရမ်းမှုကို ဖြေလျှော့စေသော အစားအစာများဖြစ်ကြသည့် ဟင်းသီးဟင်းရွက်၊ ငါး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နနွင်းနှင့် ချင်း(ဂျင်း) စားပါ။ နေ့စဉ်သန့်ရှင်းသောရေ ရှစ်ဖန်ခွက်ထက် မနည်းသောက်ပါ။ အရိုးအဆစ်အတွက် ဖြည့်စွက်အာဟာရများ စားသောက်ပါ။ ကိုယ်အလေးချိန် လျှော့ချပါ။ ပေါ့ပေါ့ပါးပါး လေ့ကျင့်ခန်းလုပ်ပါ။ အထိုင်လျှော့ပြီး လမ်းပိုလျှောက်ပေးပါ။ မိမိခြေထောက်နှင့် အဆင်ပြေမည့် ဖိနပ်ကောင်းကောင်းစီးပါ။ အိမ်ထဲမှာ ဖိနပ်မပါဘဲ လမ်းလျှောက်ခြင်းက ဒူးကို ဖိအားလျော့နည်းစေသည်။

**မှတ်ဉာဏ်ချို့ယွင်းခြင်း၊ သူငယ်ပြန်ခြင်း**

မှတ်ဉာဏ်ချို့ယွင်းခြင်းရောဂါ၊ သူငယ်ပြန်ရောဂါ ဆိုသည်မှာ ဦးနှောက်ရှုံ့ခြင်း၊ ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းတို့ကြောင့် တဖြည်းဖြည်း ဆိုးရွားလာသော အာရုံကြောရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် လူပေါင်း သန်း ၅၀ ခန့် သူငယ်ပြန်ရောဂါ ခံစားနေရပြီး ဝေဒနာသည်အများစုမှာ အသက် ၇၅ နှစ်ကျော် အရွယ်များ ဖြစ်ကြသည်။ ၄င်းရောဂါ၏ ဦးဆုံးလက္ခဏာမှာ လတ်တလော မှတ်ဉာဏ်ပျက်ယွင်းခြင်းဖြစ်ပြီး မကြာသေးခင်က ပြောသောစကားကို မေ့သွားခြင်း(သို့မဟုတ်)လတ်တလော အဖြစ်အပျက်တစ်ခုခုကို မေ့သွားခြင်း၊ ဈေးဝယ်စဉ် ပြန်အမ်းငွေမတွက်နိုင်ခြင်း၊ မိမိပြောလိုသောစကားကို သေချာမပြောနိုင်ခြင်း(သို့မဟုတ်)စကားလုံးမရွေးချယ်နိုင်ခြင်း၊ အချိန်နှင့်နေရာ အမှတ်မှားခြင်း၊ စိတ်အနေအထားပြောင်းလဲခြင်း(ဥပမာ-ပိုမိုစိတ်ဆတ်လာခြင်း၊ စိတ်တိုလွယ်ခြင်း)တို့ကို စတင်ဖြစ်ပေါ်ခံစားရသည်။ အလွန်ဆိုးရွားလာသော အခြေအနေတွင် ထမင်းစားပြီး၊မပြီး မမှတ်မိတော့ခြင်း၊ မိမိနာမည်ကို မေ့ခြင်း၊ အတူနေမိသားစုဝင်များကို မမှတ်မိခြင်း၊ အိမ်ပျောက်၊ လမ်းပျောက်ခြင်း၊ ပြောပြီးသား အကြောင်းအရာတစ်ခုကို အထပ်ထပ်အခါခါ ပြောဆိုနေခြင်း စသည့် မှတ်ဉာဏ်များ ပျောက်ဆုံးသွားပြီး နိစ္စဓူဝကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အခက်အခဲ ရှိလာနိုင်သည်။ ရောဂါအစပိုင်းမှာ ဆေးကုသမှုခံယူနိုင်ပါက ရောဂါဆိုးရွားမှုကို နှေးကွေးစေပြီး ရောဂါလက္ခဏာများလည်း သက်သာစေသည်။ သို့သော် ထိုရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သောဆေးဝါး မပေါ်သေးပါ။

**သွေးလည်ပတ်မှု အထူးသတိပြု**

ဘိုးဘွားအများစုတွင် ခြေသလုံးသွေးကြောထုံးဝေဒနာကို ခံစားရလေ့ရှိသည်။ ခြေသလုံးသည် လူ့ခန္ဓာကိုယ်၏ 'ဒုတိယနှလုံးသား' ဖြစ်သည့်အတွက် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် အသက်အရွယ်ရလာချိန်မှာ သွေးလည်ပတ်မှု ကောင်းမွန်စေရန် အိပ်ရာထဲ အမြဲလှဲနေ၊ ခွေနေခြင်း မပြုပါနှင့်။ လမ်းလျှောက်ပါ။ သစ်ပင်စိုက်ပါ(သို့မဟုတ်)လှုပ်ရှားတက်ကြွစွာနေပါ။ တီဗွီကြည့်နေချိန်(သို့မဟုတ်) ထိုင်နေစဉ်မှာပင် ခြေထောက်ကို အကွေးအဆန့် လေ့ကျင့်ခန်းလုပ်ပါ။ အသီးအရွက် များများစားပါ။ ဆေးလိပ်ဖြတ်ပါ။ ခြေထောက်ကို ဆား၊ ရေနွေး စိမ်ပါ။ လှဲအိပ်ချိန်မှာ ခြေထောက်အောက်တွင် ခေါင်းအုံး(သို့မဟုတ်)စောင်ပါးပါး ခုခံထားပါ။

အချုပ်ဆိုသော် သက်ကြီးကျန်းမာရေးဟု ဆိုရာ၌ ခန္ဓာကိုယ်ကျန်းမာရေးသာမက စိတ်ချမ်းသာ ပျော်ရွှင်ရေးလည်း ပါဝင်သည်။ ထို့ကြောင့် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစေဖို့အတွက် စိတ်ရောကိုယ်ပါ တက်ကြွစွာနေထိုင်ပါ။ မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ်မပြတ် ရင်းနှီးချစ်ခင်စွာ နေထိုင်ပါ။ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ စားသောက်ပါ။ အာဟာရစုံလင်စွာစားပါ။ အနိုပ်ခံပါ။ အိပ်ရေးဝဝ အိပ်စက်ပါ။ ဆေးလိပ်ဖြတ်ပါ။ ဆရာဝန်ညွှန်ကြားချက်အတိုင်း ပုံမှန်ဆေးသောက်ပါ။ ကျန်းမာရေးကို လျစ်လျူမရှုပါနှင့်။ သက်တမ်းစေ့နေနိုင်ကြပါစေဟု ဆန္ဒပြုရင်း။

**စေတနာများစွာ . . . . .**

တင်ထက်ထက်ဇော်

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉)၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းလှအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းလှ(ဘ)ဦးညွန့်(၉/မမန(နိုင်)၀၅၆၂၇၃)၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်မာမာ(ဘ)ဦးရွှေစိုး(၉/မနမ(နိုင်)၀၅၃၂၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းရီက(၉-၁-၁၉၉၇)ရက်က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ရောက်ရရှိခဲ့ပါသည်။ ယင်းမြေကွက်အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းလှနှင့် ဒေါ်သန်းလှ၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်မာမာတို့သည် ဤအကြောင်းကြားစာပါရှိသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နှင်းရီထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ကာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်မဆက်သွယ်ပါက လူကြီးမင်းတို့အပေါ် ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးမြင့်အောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၅၀၀)၊ ကျွန်းလုံးဥသျှောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၂၇၁၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၄၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဆွေသဇင်ဦး ပါ-၃အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး၊ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်များအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသန္တာ(ဘ)ဦးသောင်းထွေး(၈/ဆဖန(နိုင်)၀၇၅၈၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးဇော်မင်းဦး BA(Myan)E.T.Ec(Civil)**
**စာချုပ်စာတမ်းနှင့်မြေယာအကျိုးဆောင်**
**ဖုန်း ၀၉-၂၀၁၄၉၄၈၊ ၀၉-၄၄၄၀၃၅၆၃၄**
**၆၉လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဒေါ်ငွေလှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၇၀/ ၂၀၂၅)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၄) နေထိုင်သူ ဦးဘိုဘိုထွန်း(ဘ)ဦးရွှေမန်း(၉/ခအဇ(နိုင်)၀၁၀၆၇၂)၊ ဒေါ်ခင်ချိုဆက်(ဘ)ဦးမောင်တိုး(၅/ထခန(နိုင်)၀၄၇၈၀၀)ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်၊ အကွက်(၁၀၃)၊ ဦးပိုင်အမှတ်(၃-ခ)၊ ဧရိယာ(၀ ဒသမ ၁၉၃)ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ယခုလက်ရှိရောင်းချသူ ဦးဝင်းမြင့်မှ အကြွင်းမဲ့ပိုင်ဆိုင်သူဖြစ်ကြောင်း ပြောဆိုခဲ့သောကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါသောကြောင့် သက်ဆိုင်သူများအားလုံး သတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်အမှုသည်များထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်နေ့ရက်တွင် လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားသူများ-**
**ဦးဘိုဘိုထွန်း** **ဒေါ်ခင်ချိုဆက်**
**၉/ခအဇ(နိုင်)၀၁၀၆၇၂ ၅/ထခန(နိုင်)၀၄၇၈၀၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**သီရိဟေမာအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြားနေ ဒေါက်တာမေမြင့်သီ(ခ)ဒေါ်ခင်မြင့်(ဘ)ဦးသိန်းမောင်(၉/မရမ(နိုင်)၀၃၅၃၈၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်၊ အကွက်အမှတ်(၆၁၀)၊ ဦးပိုင်အမှတ်(၄-ဆ)(၄-ဇ)(၄-ဈ)၊ စုစုပေါင်းဧရိယာ(၀ ဒသမ ၁၉၂)ဧက အကျယ်အဝန်းရှိ မြေကွက်များမှာ ဦးကိုကိုကြီးအမည်ပေါက် ဘိုးဘပိုင်မြေကွက်များဖြစ်ပါသည်။ ယင်းမြေကွက်များနှင့်ပတ်သက်၍ ဒေါ်သီတာကိုကြီး ပါ-၆ဦးတို့မှ တရားလိုပြုလုပ်၍ တရားပြိုင်ဒေါက်တာမေမြင့်သီ ပါ-၂ဦး အပေါ် မဟာအောင်မြေခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁/၂၀၂၂)ဖြင့် "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု"စွဲဆိုခဲ့ရာ အဆိုပါတရားမကြီးမှုတွင် ဒေါက်တာမေမြင့်သီကိုယ်စား လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဦးမောင်မောင်သင်း(ဘ)ဦးစိန်(၉/မနမ(နိုင်) ၀၉၃၈၉၂)အား(၅-၁၁-၂၀၁၃)နေ့စွဲပါနိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၁/၂၀၁၃)ဖြင့် လွှဲအပ်၍ ရုံးရှေ့တွင် အမှုလိုက်ပါဆောင်ရွက်စေခဲ့ပါသည်။ ယခုအခါ ဒေါက်တာ ဒေါ်မေမြင့်သီ(ခ)ဒေါ်ခင်မြင့်မှ ဦးမောင်မောင်သင်းအား ကိုယ်စားဆောင်ရွက်ခွင့်ရှိသော အဆိုပါအမှုနှင့် ဌာနဆိုင်ရာရုံးကိစ္စအဝဝတို့တွင် ၎င်း၏ကိုယ်စားဆောင်ရွက်စေရန် ဆန္ဒမရှိတော့ပါသဖြင့် ဦးမောင်မောင်သင်းအား လွှဲအပ်ထားသည့်(၅-၁၁-၂၀၁၃)နေ့စွဲပါ နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၁/၂၀၁၃)အား ယနေ့မှစတင်၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့ပြင် အခြားသောကိုယ်စားလှယ်လွှဲစာများ၊ ပါဝါအရပ်ရပ်၊ လုပ်ဆောင်ခွင့်အရပ်ရပ်ကိုလည်း ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ဝင်းလှဲ့လှဲ့မျိုး (LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**၆၈(ဘီ)လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၃၀၉၉၂၉၆၊ ၀၉-၉၈၇၅၆၈၈၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်(စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိမြေကွက်သည် ဦးငွေးဝင်း(ဘ)ဦးကျော်ခွေး(၉/မခန(နိုင်)၃၄၁၁၁၃)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ မြေကွက်အမည်ပေါက်သူ ဦးငွေးဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၃၇/၂၀၁၄)ဖြင့် ဒေါ်မြသီဂီအား လွှဲအပ်ဝယ်ယူထားပါသည်။ ဒေါ်မြသီဂီထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၄၄/၂၀၂၅)ဖြင့် ဦးမျိုးထွဋ်အား လွှဲအပ်ခဲ့ပါသည်။ အဆိုပါမြေကွက်အား ဝင်ရောက်ကျူးကျော်၍ ခြံစည်းရိုးကာရံခြင်းများ လုပ်ဆောင်နေပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ကန့်ကွက်လွှာတင်သွင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကျွန်တော်ဦးမျိုးထွဋ်မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းခြင်း၊ ဂရန်အသစ်လျှောက်ထားခြင်းနှင့် အခြားမြေယာကိစ္စများ ဆောင်ရွက်ရန်အတွက် ဌာနသို့ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားဆောင်ရွက်ခြင်းများ မလုပ်ဆောင်ပါရန်နှင့် လုပ်ဆောင်လာပါက တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**ဦးမျိုးထွဋ်(၁၂/ဒဂန(နိုင်)၀၀၁၀၄၈)**

**ဖုန်း ၀၉-၅၀၉၅၂၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၅)၊ ဦးပိုင်အမှတ်(၅၂) မြေကွက်၏မြောက်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိမြေကွက်ကို ရောင်းချသူများဖြစ်သော ဒေါ်သင်းသင်းမာနှင့် ဒေါ်သက်မာထွေးတို့က ပိုင်ဆိုင်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသွယ်သွယ်ဝင်းက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးစီးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတေဇာမြင့် (LL.B)**

**စဉ်(၁၂၃၂၄) တရားလွှတ်တော်ရှေ့နေ**

**၈၆လမ်း၊ ၈လမ်းနှင့် ၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၅၁၁၃၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၇၉)၊ ဦးပိုင်အမှတ်(၂-ဇ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၈၈)ဧက၊ (၃၀×၁၀၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးထွန်းသိန်းဦး+ဒေါ်ငုဝါစံအမည်ဖြင့် ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ (၁၄)လမ်းမျက်နှာပြု ပေ(၂၀×၄၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူများဖြစ်သည့် ဦးထွန်းသိန်းဦး၊ ဒေါ်ငုဝါစံတို့(၂)ဦးထံမှ ကျွန်မဒေါ်ခင်မိုးနွယ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်ခင်မိုးနွယ်(ဘ)ဦးဝင်းကြိုင်(၉/မရမ(နိုင်)၀၈၄၀၅၀)**

**၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၂၁၉၅၈၈၊ ၀၉-၇၉၈၈၃၀၁၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၂)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ(၃၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးသိမ်းအမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း(၂၀×၃၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်အေးမွန်ဇော်(ဘ)ဦးဇော်လင်း(၉/မရတ(နိုင်)၁၂၇၅၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စောလင်(ဘ)ဦးအောင်သိန်း(၉/မရတ(နိုင်)၀၀၃၅၆၂)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းအိရွှေစင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၁၉၉၉၊ ၀၉-၆၉၃၉၉၉၁၁၃**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၁)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သားရဲဝင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုကြီအထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်မိမိမော်(အဘ)ဦးဆန်းထွန်း(၉/မနမ(နိုင်)၀၀၇၄၆၃)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူစာဝင်း |
|---|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၈၈၈၉၇၈၆၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၂၅၆၀၂၈၄၉၁၊ ၀၉-၄၀၂၆၃၉၇၆၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးအောင်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ × ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်သက်လင်း(ဘ)ဦးတင်အေး (၅/ရဘန(နိုင်)၁၆၁၇၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်နံပါတ်(၁၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀)အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ပေ × ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစန်းဝင်းအောင်(ဘ)ဦးဇော်ဝင်း(၈/မမန(နိုင်)၂၁၈၃၃၁)[ ၎င်း၏ကိုယ်စား ဒေါ်သူစာမိုး(ဘ)ဦးအေးသိန်း(၈/မမန(နိုင်)၁၂၂၇၃၈)]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၈)၊ ဦးပိုင်နံပါတ်(၃၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးချစ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှအောင် (ဘ)ဦးလောတ(၉/ခအစ(နိုင်)၀၆၆၆၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၅)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးဝင်းနိုင်နှင့် ဦးကျော်စိုးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်ဆန်း(ဘ)ဦးကျော်မြင့်(၈/မမန(နိုင်)၁၆၈၈၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၃)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဝါဝါ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသန့်ထက်အောင်(ဘ)ဦးအောင်လွင်(၉/ကဆန(နိုင်)၁၇၃၈၀၉)နှင့် ဦးကျော်ထွန်းဦး(ဘ)ဦးပေါ်လာ(၉/ကဆန(နိုင်)၀၀၁၇၈၀)[ ၎င်းတို့၏ကိုယ်စား ဦးအောင်လွင်(ဘ)ဦးချင်းဆွေ(၉/ကဆန(နိုင်)၀၀၃၂၂၅)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၇)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သားကြည်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းအိုက်ဆာ(ဘ)ဦးစိုင်းကျော်(၁၃/နခန(နိုင်)၀၃၇၃၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၉)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် တပ်သား ဦးမောင်ထွေး အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်အမည်ပေါက်သူ ဦးမောင်ထွေး ကွယ်လွန်သွားပါသဖြင့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် အမွေဆက်ခံစာချုပ်အမှတ်(၂၆၇၄/၂၀၂၄) အရ ဇနီးဖြစ်သူ ဒေါ်မြကြည်(ဘ)ဦးကွန်ဘ(၉/အမရ(နိုင်)၀၀၃၁၉၄)မှ တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြကြည်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဖုန်မြင့်(ခ)ဒေါ်မိမိ(၁၃/ကခန(နိုင်)၀၃၅၇၄၆) ထံမှ ကျွန်တော် ဦးဝင်းဦးက ဝယ်ယူရန်သဘောတူညီကြပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဦး(ဘ)ဦးထွန်းငြိမ်း(၈/မမန(နိုင်)၁၄၄၆၇၀)**

**၆၅–ဘီလမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၈၃၅၅၅၂၊ ၀၉-၂၀၃၀၁၆၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၁၀၁)၊ ၇၂လမ်းမျက်နှာပြု ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ တကက မန်းဗဟာဒူး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်သဲဖြူထွန်းက တရားပြိုင် ဦးမန်းဗဟာဒူး(၎င်း၏ SP ရရှိသူ ဦးထွန်းအောင်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရာမကြီးမှုအမှတ်(၄၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဒေါ်သဲဖြူထွန်း(၉/မရမ(နိုင်)၀၈၁၉၈၀)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာ တတ်မြောက်မှုသာလျှင် အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ (၆၂)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၆၂) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ ရုပ်သံမှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှရီအဘ်ဟေး တာကူးရ်က အိန္ဒိယ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြား၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၈ သို့ ✧




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၆၂) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ပြည်တွင်းစက်သုံးဆီဈေးနှုန်းကျဆင်း လာမည့်ပွင့်လင်းရာသီကာလအတွင်း လုံလောက်စွာသုံးစွဲနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထား

နေပြည်တော် စက်တင်ဘာ ၁၉

အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်းကျဆင်းခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ကြိုတင်စီမံထားရှိမှုကြောင့် သီတင်းကျွတ်ပွဲတော်ကာလ အပါအဝင် လာမည့်ပွင့်လင်းရာသီကာလအတွင်း စက်သုံးဆီများ လုံလောက်စွာသုံးစွဲနိုင်သည့်အပြင် အရန်ဆီများလည်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရသည်။

**သတင်းစဉ်**

## ရောဝတီယူနိုက်တက်အသင်းက ဒဂုံပို့အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၁၉**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက ရောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပို့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီယူနိုက်တက်အသင်းက ဒဂုံပို့အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် စောထောနေမူး၊ ပွဲချိန် ၄၄ မိနစ်တွင် ခွန်ကျော်ကျော်၊ ပွဲချိန် ၈၃ မိနစ်တွင် အောင်ပြည့်ဖြိုး၊ ပွဲချိန် ၈၆ မိနစ်တွင် အောင်ကျော်နိုင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်း နောက်ခံကစားသမား စောထောနေမူးက ဆွတ်ခူးခဲ့သည်။

အခြားပွဲစဉ်အဖြစ် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း ဟံသာဝတီယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် လာမည့် စက်တင်ဘာ ၂၅ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းနှင့်လည်းကောင်း၊ လာမည့် စက်တင်ဘာ ၂၇ရက်တွင် ရောဝတီယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0

0-0-0